# *Steven Kaboggoza မှ အရှင်ဗုဒ္ဓရက္ခိတ ဖြစ်လာသူ*





အာဖရိကတိုက်၊ ယူဂန်ဒါ နိုင်ငံငယ်လေးက ခရစ်ယာန် မိသား စုမှာ Steven ကို ၁၉၆၆-ခုနှစ်က ဖွားမြင်ခဲ့တာပါ။ သူဟာ ငယ်ငယ်က ဘာသာတရားဆိုလို့ ခရစ်ယာန်နဲ့ အစ္စလာမ် ၂-ခု တည်းသာရှိတယ်လို့

ထင်ခဲ့တာပါ။ ၁၈ကျော်သက်အရွယ် ရောက်မှ အိန္ဒိယနိုင်ငံမှာ ဂေါတမ ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦး ပေါ်ထွန်းခဲ့ဖူးကြောင်းကို နာမည် လောက်သာ ကြားဖူးခဲ့သူပါ။ အရွယ်ရောက်လာတဲ့ အခါမှာ သူဟာ အိန္ဒိယနိုင်ငံကို နိုင်ငံခြား ပညာသင် သွားခဲ့ပါတယ်။ အဲဒီမှာ ထိုင်းလူမျိုး ရဟန်းတော် ၂-ပါးနဲ့ ခင်မင်ခဲ့ပြီး ဗုဒ္ဓဝါဒကို အနည်းငယ် လေ့လာခွင့် ရခဲ့ပါ တယ်။ ထိုင်းဘုန်းတော်ကြီး ၂-ပါး မရှိတော့တဲ့ နောက်ပိုင်း သူဟာ ဗုဒ္ဓဝါဒကို ဆက်လက်လေ့လာဖို့ သိပ်ပြီး စိတ်ဝင်စား ခဲ့တယ်။ အဲဒီမှာ သူက တိဗတ်ဘုန်းတော်ကြီး ဒလိုင်းလားမား ရှိရာကို သွားရောက် အရိုအသေပေးခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ထိုင်းနိုင်ငံမှာ လေ့လာဖို့ဆုံးဖြတ်ပြီး စားဝတ်နေရေးအတွက် နိုင်ငံခြားသား ခရီးသွားတွေ များတဲ့ ဒေသတစ်ခုမှာ ဒိုင်ဗင်ပစ်၊ ရေကူး နည်းပြလုပ်ခဲ့ပါတယ်။ သူ့ဘဝဟာ အတိုင်းအတာတစ်ခုထိ ပြည့်ပြည့်စုံစုံ နေခဲ့ရ ပါ တယ်။ သူဟာ လောကီဉစ္စာ ပြည့်စုံမှုတွေမှာ ဘယ်လိုမှ မမွေ့ လျော်နိုင်တော့တဲ့ နောက်ပိုင်း လက်ရှိအလုပ်ကို စွန့်လွှတ်ပြီး မိခင်နိုင်ငံကိုပြန် သွားခဲ့ပါတယ်။
မိသားစုနဲ့ ဆွေမျိုးတွေက သူ့ကို ခရီးဆောင် အိတ်ကြီး သယ် ဆောင်ပြီး ပြန်လာမဲ့အောင်မြင်တဲ့ စီးပွားရေး သမားကြီးအဖြစ် မျှော်လင့်ခဲ့ကြတာပါ။ သူ့ကိုတကယ် တွေ့လိုက်ရတော့ ဗုဒ္ဓ ဘာသာစာအုပ်တွေနဲ့ ဒိုင်ဗင်ပစ်၊ ရေးကူးရာမှာ သုံးတဲ့ ပစ္စည်း တွေသယ်လာတဲ့ ဆံပင်ရိတ်ထားတဲ့ ယောဂီတစ်ယောက် ဖြစ်နေတာကို တွေ့လိုက်ရတယ်။ အခြားလူတွေ အတွက်တော့ ရေကူးစရာ ပင်လယ်မရှိ တရားဆွေးနွေးစရာ ဗုဒ္ဓဘာသာဝင် မရှိတဲ့ နိုင်ငံကို ဒါတွေသယ်လာတယ် ဆိုတော့ ထူးဆန်းနေ ကြတယ်။ ထိုင်းနိုင်ငံက ပြည့်စုံတဲ့ ဘဝကို စွန့်ပစ်ခဲ့တော့ အချို့ က မင်းစိတ်မှ မှန်သေးရဲ့လား ဆရာဝန်ပြပါလားလို့ နောက်ကြ တယ်။ သူကတော့ တရားစာအုပ်တွေဖတ် တရားအားထုတ် နဲ့သာ ကိုယ့်ဟာကိုယ်နေခဲ့တယ်။ (သူမရှိတော့တဲ့ နောက်ပိုင်းမှာ သူအလုပ်၊လုပ်ခဲ့တဲ့ အပန်းဖြေ စခန်းလေးဟာ ဆူနာမီဒဏ် ခံလိုက်ရတော့ ခင်မင်ရင်းနှီးသူ တွေ များစွာရုတ်တရက်သေဆုံးသွားတဲ့ သတင်းကိုကြားခဲ့ရ တယ်။ ဆရာတော်အလောင်းလျာအတွက်လည်း သံဝေဂယူစရာ တွေ ဖြစ်ခဲ့ပါလိမ့်မယ်။ ကျွန်တော်ကတော့ သာသနာပြုဖို့ လူဖြစ်လာတဲ့ ပုဂ္ဂိုလ်ဖြစ်တာကြောင့် နတ်ကောင်း နတ်မြတ် တွေများ စောင့်ရှောက်နေသလားလို့ တွေးမိသေးတယ်။)
အချို့သော ဆွေမျိုးတွေက ဆိုရင် စာအုပ်တွေ အားလုံးမီးရှို့ ဖျက်ဆီးပစ်ဖို့နဲ့ ဘိုင်ဘယ်တစ်မျိုးတည်းကိုသာ ထိုင်ဖတ်နေဖို့၊ သူ့ကို ခရစ်ယာန်ဘာသာဝင် ပြန်ဖြစ်လာဖို့ စည်းရုံးကြသေး တယ်။ သူ့ကို အချို့ကလည်း ဆိတ်ကလေး၊ ကြက်ကလေးတွေ စားဖို့ လက်ဆောင်အဖြစ်ပေးပြီး ကြိုဆိုကြတယ်။
ဗုဒ္ဓဘာသာဝင်ဖြစ်လာတဲ့ ယောဂီလူငယ် Steven က အကောင် တွေ သတ်တာကို မလိုလားတော့ဘူး။ အထူးသဖြင့် သူ့အတွက် သတ်မှာကို လုံးဝမဖြစ်စေချင်ဘူး။ ဗုဒ္ဓဘာသာဝင် မရှိတဲ့ဒေသ မှာ သူဟာတစ်ဦးတည်း တရားအားထုတ်နေတယ်။
တိုင်ပင်စရာမိတ်ဆွေနဲ့ နည်းခံစရာ ဆရာမရှိတဲ့ဘဝမှာ သူမနေ နိုင်တော့ဘူး။ ပိုမိုပြည့်စုံတဲ့ အမှန်တရားကို ရှာဖွေဖို့ သူဟာ အမိမြေကို နောက်တစ်ကြိမ်စွန့်ခွာရပြန်တယ်။
တောင်အမေရိကား မြောက်အမေရိကားမှာ ဝိပဿနာတရား တွေ အားထုတ်ခဲ့တယ်။Tathagata Meditation Center TMC မှာ တရားအားထုတ်ခွင့်ရတယ်။ နောက်ပိုင်းမှာတော့ သူဟာ ရဟန်းဝတ်ဖို့ကို ဆုံးဖြတ်လိုက်တယ်။ TMC စင်တာကပဲ ဗီယက် နာမ်ဆရာတော်တွေ၊ မြန်မာဆရာတော်ကြီးတွေရဲ့ ကျေးဇူးနဲ့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသွားသော သိဒ္ဓတ္ထဂေါတမ ဘုရားရှင်ရဲ့ သားတော်အဖြစ်ကို ရယူခဲ့တယ်။ ဗုဒ္ဓရက္ခိတ ဘွဲ့ တော်နဲ့ မြင့်မြတ်သော ရဟန်းဘဝကို ခံယူလိုက်တယ်။
ရဟန်းပြုပြီးတဲ့ နောက်ပိုင်း ဆရာတော်ဟာ အိန္ဒိယနိုင်ငံ တောင်ကြားဒေသတစ်ခုမှာ

တရားအားထုတ်နေရရင် ကောင်း မလား၊ အမိမြေကို ဓမ္မမျိုးစေ့ချပေးရရင် ကောင်းမလားလို့ အတွေး ၂-မျိုးဝင်လာတယ်။ မြန်မာဆရာတော်ဘုရားကြီး ဦးပဏ္ဍိတက ယူဂန်ဒါ နိုင်ငံမှာ သာသနာပြုဖို့ကို အားပေးတော် မူခဲ့တယ်။ အမေရိကန်လူမျိုး အချို့ကတော့ ဗုဒ္ဓဘာသာဝင် တစ်ဦးမှ မရှိတဲ့ဒေသမှာ ရဟန်းတပါးအဖြစ်နေဖို့ မလွယ်ကူနိုင် ကြောင်း စားဖို့နေဖို့ပင် အခက်အခဲရှိနိုင်ကြောင်းတွေကို ပြော ကြသေးတယ်။ နောက်ဆုံးတော့ ဆရာတော်အရှင် ဗုဒ္ဓရက္ခိတ ဟာ အမိမြေကို ပြန်ပြီး ဗုဒ္ဓသာသနာ ပြုဖို့ ဆုံးဖြတ်လိုက်တယ်။

အမိမြေကို မပြန်ခင် အိန္ဒိယ၊ မြန်မာ၊ သိရီလင်္ကာနိုင်ငံတွေကို အလည်အပတ်သွားရောက်ခဲ့သေးတယ်။ သိရီလင်္ကာနိုင်ငံ ဘာသာရေး အဖွဲ့အစည်းတစ်ခုက သူ့အပြန်လမ်းအတွက် ဗုဒ္ဓ ရုပ်ပွားဆင်းတုတော် ၂-ဆူထဲက တစ်ဆူကို လက်ဆောင်အဖြစ် ယူသွားဖို့ ပေးလိုက်တယ်။ သူကလည်း အရွယ်ကြီးမားတဲ့ ရုပ်ပွားတော်ကို ယူဖို့ဆုံးဖြတ်ခဲ့တယ်။ ဗုဒ္ဓဆင်းတုတော်ကြီးကို လေယာဉ်နဲ့ သယ်ဆောင်ရာမှာ ကင်ညာနိုင်ငံအရောက် အခက် အခဲတွေနဲ့ ကြုံခဲ့ရတယ်။ ဘုန်းတော်ကြီးကို မဖူးမြင်ဖူးတဲ့ လူ တွေက သူ့ကို အထူးအဆန်း ဖြစ်နေကြတယ်။ ဒေသခံ Maasai လူမျိုးစုတစ်ခုရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ဆင်တူနေလို့ Maasai မဟုတ်ဘဲ ထေရဝါဒ ဗုဒ္ဓဘာသာဝင်ရဟန်းတော်တစ်ပါး ဖြစ်ကြောင်း ကို ရှင်းပြခဲ့ရတယ်။

အိမ်ပြန်ရောက်လိုက်တော့ မိခင်ဖြစ်သူက တအံ့တသြဖြစ်ရ တယ်။ သားရဟန်းကိုကြည့်ပြီး Steven မှဟုတ်ရဲ့လားလို့ မေးသေးတယ်။ ဟုတ်မှန်ကြောင်း ပြောပြတော့ မယ်တော်ကြီး ဟာ သားဖြစ်သူကို အိမ်အရောက် ပြန်ပို့ပေးသော God ကို ကျေးဇူးတင်ကြောင်း ပြောသေးတယ်။

သားဖြစ်သူကတော့ သူ့ကို အိမ်ရောက်အောင် ပြန်လည် ပို့ဆောင် ပေးသော ဘုရားသခင်ဆိုတာ လုံးဝမရှိကြောင်း ကောင်းကောင်းနားလည်နေတယ်။ ဒါပေမဲ့ အမေဖြစ်သူ စိတ်အနှောင်အယှက် မဖြစ်စေချင်လို့ ဘာမှမပြောပဲနေခဲ့ တယ်။ ဗုဒ္ဓဆင်းတုတော်ကြီးနဲ့ သယ်နမ်းဝတ်ကြီးနဲ့အိမ်မှာ ကြာကြာ နေလို့ မသင့်တော်တာကြောင့် ဗုဒ္ဓဘာသာဘုန်းကြီး ကျောင်းလေး ဖြစ်လာအောင် အားထုတ်ရတယ်။

အမေရိကန်နိုင်ငံ TMC စင်တာက ဆရာတော်ဘုရားကြီးတွေ ကျေးဇူးနဲ့ ယူဂန်ဒါ နိုင်ငံမှာ ပထမဆုံးသော ထေရဝါဒ ဗုဒ္ဓဘာသာ စင်တာတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

သတင်းသုံးရာ၊ ဆွမ်းခံရာ၊ အစစ နားမလည်သူတွေများလို့ အခက်အခဲ အမျိုးမျိုးတွေ့ရပါတယ်။ မြန်မာပြည်က ပါလာတဲ့ သံဃာတော်များကိုင်တဲ့ ယပ် ကိုတင်းနစ်ကစားနည်းတစ်မျိုး အတွက် ဘတ်တန်လို့ထင်သူတွေ၊ သပိတ်ကို ဗုံးထင်သူတွေ၊ ဘောလုံးထင်သူတွေ ဝတ်စားဆင်ယင်မှုကိုကြည့်ပြီး တိုင်းရင်း ဆေးရောင်းတဲ့ Maasai ထင်သူတွေ စသဖြင့် အမျိုးမျိုးသော အခက်အခဲတွေ ရှိခဲ့ပါတယ်။ ဆွမ်းခံထွက်လို့ ဆွမ်းလောင်းရ ကောင်းမှန်း သိသူကလည်း မရှိသလောက် ရှားခဲ့ပါတယ်။ ဒါပေမဲ့ ဆရာတော်ကတော့ ဖိနပ်မပါ ခြေဗလာနဲ့ ကြိုးစားပြီး ဆွမ်းခံထွက်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ လက်လုပ်မှ ပါးစပ် လုပ်ရတဲ့ ဆင်းရဲသားများကတောင် ဆွမ်းလှူဖို့ သဒ္ဓါတရားတွေ ဖြစ်လာကြပါတယ်။

အမေရိကန်နိုင်ငံမှာရှိတဲ့ မိတ်ဆွေအချို့ရဲ့ အဆက်အသွယ်နဲ့ ယူဂန်ဒါနိုင်ငံမှာ နေထိုင်နေကြတဲ့ ထိုင်းမိသားစုတွေ၊ သိရီလင်္ကာမိသားစုတွေရဲ့ လိပ်စာကို ရခဲ့ပါတယ်။

မယ်တော်ကြီးကိုပါ အတူတကွ အဆိုပါ မိသားစုတွေဆီကို ကြွခဲ့ပါတယ်။ ထိုင်းလူမျိုးတွေက စုပေါင်းဖွင့်ထားတဲ့ စားသောက် ဆိုင်ကို ရောက်ခဲ့ပါတယ်။ ထေရဝါဒပုံစံ စနစ် တကျ သင်္ကန်းရုံထားတဲ့ ဆရာတော်ကို ဖူးမြော်ရလို့ ထိုင်း လူမျိုး တွေဟာဆွမ်းကိုလည်းလောင်းလှူကြ ရှိသေစွာ ရှိခိုး ကန်တော့ကြတာတွေတော့ မယ်တော်ကြီးက အလွန်တရာ အံ့သြခဲ့ပါတယ်။ သိရီလင်္ကာလူမျိုးကလည်း စက်ရုံတစ်ခုရဲ့ ပိုင်ရှင် အရပ်မြင့်မြင့် လူကြီးလူကောင်းတစ်ယောက်ပါ။ ဆရာတော်ကို မြင်တာနဲ့ ဗုဒ္ဓဝါဒီတို့

ထုံးစံအတိုင်း ရှိသေစွာရှိခိုး ကန်တော့ပါတယ်။ အဲဒီအချိန်မှာ မယ်တော်ကြီးရဲ့ စိတ်ခံစားမှု သဒ္ဓါတရားကို မြင်လို့ ဆရာတော်က လက်ျာတော်ရံ အရှင် သာရိပုတ္တရာ ရဲ့ မယ်တော်ကြီး ချွတ်ခန်းကို သတိရခဲ့ပါတယ်။ ထိုင်းလူမျိုးတွေက ဆိုရင် ယူဂန်ဒါနိုင်ငံမှာ ဆရာတော် သီတင်း သုံးသရွေ့ ဆွမ်းအဖို့ကို တာဝန်ယူပါရစေလို့ လျှောက်ထား လိုက်ပါသေးတယ်။ အိမ်ကို ပြန်ရောက်တော့ တစ်ချိန်တုန်းက ခရစ်ယာန်ဘာသာဝင်ဖြစ်ခဲ့ပြီး လောလောဆယ် အနေအားဖြင့် အစ္စလာမ်ဘာသာဝင် ဖြစ်နေခဲ့သည့်မှာ ၁၀-နှစ်ခန့် ကြာပြီဖြစ် သော မယ်တော်ကြီးဟာ ဗုဒ္ဓဆင်းတုတော်ရဲ့ တင့်တယ်လှတဲ့ ရူပကာယတော်ကို ကြည်ညိုတတ်ပြီဖြစ်ကြောင်း နဲ့ ဗုဒ္ဓဝါဒ ကို လေ့လာလိုကြောင်း သားရဟန်းကိုပြောပါတယ်။ သားဖြစ် သူက တရားဓမ္မတွေ ဟောပြလို့ မယ်တော်၊ နှစ်မတော်နဲ့ ယောက်ဖ၊ တူ/တူမ များအပြင် မိတ်ဆွေအချို့နဲ့ အနည်းငယ် သော ယူဂန်ဒါ နိုင်ငံသားတွေဟာ သရဏဂုံသုံးပါးနဲ့ ငါးပါး သော နိစ္စသီလတို့ကို တည်ဆောက်သူ ဗုဒ္ဓရဲ့တပည့်သာဝက များ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြပါတယ်။
အခုတော့ အာဖရိကတိုက်ရဲ့ ရတနာမြေ ဖြစ်သော ယူဂန်ဒါ နိုင်ငံ the pearl of Africa မှာ ဗုဒ္ဓဝါဒဟာ စတင်လို့ အမြစ် တွယ်ခဲ့ပါပြီ။ ဆရာတော်ဟာ ဂျပန်နိုင်ငံမှာ ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ညီလာခံကြီးကိုလည်း ယူဂန်ဒါနိုင်ငံတော် ကိုယ်စား ပြုအနေနဲ့ ပထမဆုံး တတ်ရောက်ခွင့်ရခဲ့ပါတယ်။ King Oyo of Tooro ယူဂန်ဒါနိုင်ငံက Tooro ဒေသရဲ့ဘုရင်လေး Oyo ဟာလည်း ဆရာတော်နဲ့အတူ အစည်းအဝေးကို တတ်ရောက်ခဲ့ ပါတယ်။ မကြာသေးခင်က မြန်မာနိုင်ငံမှာ သီတဂူဆရာတော် ဘုရားကြီး ဦးဆောင်ကျင်းပခဲ့တဲ့ ထေရဝါဒဗုဒ္ဓဘာသာ တက္ကသိုလ်ပေါင်းစုံ အစည်းအဝေးကြီးကိုလည်း တတ်ရောက်ခဲ့ ပါတယ်။ ယူဂန်ဒါနိုင်ငံ Kampala မြို့တော်က University of Makere ရဲ့ဖိတ်ကြားချက်ကြောင့် ဟောပြောပွဲတစ်ခုကို ဟော ပြောခဲ့ရပါတယ်။ အမေရိကန်နိုင်ငံ မဆာချူးဆက်တက္ကသိုလ် မှာလည်း အခါအားလျော်စွာ ဟောပြောမှုတွေ ပြုလုပ်ပါတယ်။ အဲဒါတွေကတော့ ဆရာတော်ရဲ့ အောင်မြင်မှုတွေပါပဲ။ ဆရာတော်ရဲ့ အကြောင်းကို အင်္ဂလိပ်လိုဖတ်ပြီး မှတ်မိသ လောက် မြန်မာလို ပြန်ချရေးတာပါ။ အတိမ်းအစောင်းလေး တွေ ပါနိုင်ပါတယ်။ Uganda Buddhist Centre စာမျက်နှာ မှာတော့ ဆရာတော်ရဲ့ ဟောတရားတွေကို Mp3 ဖိုင်အဖြစ် ရနိုင်ပါတယ်။ ဂျပန်နိုင်ငံမှာပြောခဲ့တဲ့ ဟောပြောမှုကို ဗီဒီယို ဖိုင်အဖြစ်လည်း တင်ပေးထားတာတွေ့ရပါတယ်။ ယူဂန်ဒါ ထေရဝါဒ ဗုဒ္ဓဘာသာ စင်တာမှာ ကလေးငယ်တွေကို အာဟာရကျွေးမွေးခြင်းနဲ့ ဓမ္မစာပေသင်ကြားပေးခြင်းအတွက် မြန်မာအမျိုးသမီးတစ်ဦးက ကူညီပေးနေတယ်လို့လည်း သိရ ပါတယ်။ ဆရာတော် မြန်မာပြည်မှာ ရိုက်ထားတဲ့ဓါတ်ပုံတွေ ကတော့ဒီမှာ (http://ywetwar.multiply.com/photos/album/5/5)ပါ။
ဓမ္မရဲ့ အရသာ သိသူတွေကတော့ မြန်မာစာမတတ်ဘဲနဲ့ ဗုဒ္ဓဘာသာဝင်တွေတောင် ဖြစ်ကုန်ကြပြီမြန်မာရဟန်းတော် ကြီး တွေရဲ့ စာပေတွေကို အင်္ဂလိပ်ဘာသာပြန်တွေဖတ်ပြီး လူတကာဖတ်စေချင်လို့ ပြန်ညွှန်းနေကြပြီ။ ဗုဒ္ဓရဲ့ ဟောတရား ကို ရဟန်းပညာရှိ လူပညာရှိတွေများစွာက မြန်မာဘာသာနဲ့ စာတွေပေတွေ တွင်တွင်ကျယ်ကျယ်ရေးခဲ့ကြတာတောင် မြန်မာပြည်ဖွား ညီနောင်အချို့က ပိဋကတော်ကို
- ဘုရားဟော မူရင်းဟုတ်ပဲ့မလား၊
- ဗုဒ္ဓက ဘာကျမ်းဂန်တွေများ ထားခဲ့လို့လဲ၊
- လေးသင်္ချေကမ္ဘာတသိန်းကို ဘယ်သူသက်သေပြနိုင်လို့လဲ၊ အစရှိတဲ့ မေးခွန်းတွေနဲ့ အချိန်ကုန်ပြီး ဓမ္မအရသာ ဝေးနေကြ တယ်။ အဲဒီဇာတက ဆိုတဲ့ ကျမ်းဂန်ကို လေ့လာကြည့်ရင် အဓိကအားဖြင့် ချီးမြှောက်ထားတဲ့ ကျင့်စဉ်က ပါရမီ ၁၀-ပါး ကျင့်စဉ်တရားပါ။ ဘဝနေထိုင်ရေး မူဝါဒအနေနဲ့ အဓိကပေး သွားတာက စရိယာ ၃-ပါး အကျိုးမျှော်တရားပါ။

ပါရမီ ၁၀-ပါးဟာ တကယ့်ငြိမ်းချမ်းရေး လမ်းစဉ်မဟုတ်ဘူးလို့ ဘယ်သူငြင်းနိုင်သလဲ။
စရိယာ ၃-ပါးဟာ ပြည့်စုံတဲ့ အတွေးအခေါ်မဟုတ်ဘူးလို့ ဘယ်သူငြင်းနိုင်လဲ။ အဲဒီထက် ပိုမိုငြိမ်းချမ်းတဲ့
လမ်းစဉ်တရား တွေ၊ ပြည့်စုံတဲ့ အတွေးအခေါ်အယူအဆတွေ ပိဋကစာပေ
ပြင်ပမှာ ရှိပါသလား။ ဘိုင်ဘယ်မှာ ရှိပါသလား၊ ကုရ်အာန်မှာ ရှိပါသလား။ နိဗ္ဗာန်ရောက်ကြောင်း
အဘိဓမ္မာကြီးတွေကို မပြောသေးဘူးနော် အလောင်းတော်ဘဝက ကျင့်စဉ်တရား နဲ့ အတွေးအခေါ်လေးပဲ
ချပြထားတယ်။ အခြားကျမ်းမှာ အဲဒီ လောက်အဆင့်မြင့်မြင့် ကျွန်တော်ကတော့ မတွေ့ဖူးဘူး။
ဗုဒ္ဓဘာသာဝင်အဖြစ် မခံယူရင်တောင် ဒီကျင့်စဉ်၊ ဒီအတွေး အခေါ်တွေဟာ လောကအကျိုးပြုတဲ့
တရားတွေဖြစ်တယ် ဆိုတာ သာမာန်အတွေးအခေါ်ရှိရင် လူတိုင်းသိပါတယ်။ ကျွန်တော်ကတော့
အဲဒီကျင့်စဉ်တွေအတွက် ပိဋကကို ဂုဏ်ယူ တယ်။ ပိဋကကို ယှဉ်ရဲတဲ့ ကျမ်းရှိရင် ယူခဲ့ကြ။ အဲဒီကျမ်းကို
လေးစားစွာ ဦးထိပ်ပန်ဆင်ထားလိုက်မယ်။ အဲဒီကျမ်းပြုသူကို တစ်သက်စာ ဆရာတင်လိုက်မယ်။
လေးသချေ်္ချနဲ့ ကမ္ဘာတသိန်း ဆိုပြီး ကိန်းဂဏန်းအတွက် သိပ်ပြီး ကဲ့ရဲ့ချင်သူတွေအတွက် အဲဒီဇာတက
တွေကပေးတဲ့ ပါရမီ ၁၀-ပါး ကျင့်စဉ်တရားကို ချရေးပြလိုက်တယ်။ ဘယ်စာပေဖတ်ဖတ် အနှစ်သာရကို
ရှာတတ်ပါစေလို့လည်း ဆုတောင်းပေးလိုက်တယ်။

၁. ဒါန ပါရမီ= ပေးကမ်းစွန့်ကြဲလှူဒါန်းမှုကို ဖြည့်ကျင့်ခြင်း။

၂. သီလ ပါရမီ= သီလစောင့်ထိန်းမှုကို ဖြည့်ကျင့်ခြင်း။

၃. နိက္ခမ ပါရမီ= ကာမဂုဏ်မှ ထွက်မြောက်မှုကို ဖြည့်ကျင့်ခြင်း။

၄. ပညာ ပါရမီ= ဉာဏ်ပညာတိုးပွါး ရင့်ကျက်မှုကို ဖြည့်ကျင့်ခြင်း။

၅. ဝီရိယ ပါရမီ= ဖွဲလုံ့လ စွမ်းပကားကြီးမားရန် ဖြည့်ကျင့်ခြင်း။

၆. ခန္တီ ပါရမီ= သည်းခံခွင့်လွှတ်မှုကို ဖြည့်ကျင့်ခြင်း။

၇. သစ္စာ ပါရမီ= အမှန်အတိုင်းပြော၍ ပြောသည်အတိုင်း ဖြည့်ကျင့်ခြင်း။

၈. အဓိဋ္ဌာန ပါရမီ= စိတ်ဆုံးဖြတ်သည့်အတိုင်း ခိုင်မြဲစွာလိုက်နာ ဖြည့်ကျင့်ခြင်း။

၉. မေတ္တာ ပါရမီ= သူတပါးအကျိုးစီးပွါး လိုလားမှုကို ဖြည့်ကျင့်ခြင်း။

၁၀. ဉပေက္ခာ ပါရမီ= ချစ်ခြင်း မုန်းခြင်းမရှိ ကောင်းဆိုးနှစ်တန် ခံနိုင်ရည်ရှိစေရန်
ဖြည့်ကျင့်ခြင်း။

ရွှက်ပါဆိုဒ်မှ ကူးယူဖော်ပြပါသည်။